## ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး

## ၂၇ ရက်မြောက်နေ့အစီအစဉ်

## [၁၅-၈-၂၀၁၂ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ဦးကိုကြီး၊ အောင်မြေသာစံ မဲဆန္ဒနယ်က တောင်သူလယ်သမားများ ချေးငွေအား တစ်ဧက ကျပ်တစ်သိန်းအထိ ချေးပေးပါရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ နှင့် စပ်လျဉ်း၍ မေးခွန်း မေးမြန်းခြင်းနှင့်သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း။

၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက "ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်း ထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၇။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော "နိုင်ငံတော်တာဝန် ကိုတည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေး နှင့် အမျိုးသား ညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက် ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း" ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၈။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော "သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေကြမ်း" ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း။

၉။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ "မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု ကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက် လူမှု အဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် မိန့်ကြားခဲ့ပြီးဖြစ်၍ အရပ်ဘက် လူ့အဖွဲ့အစည်းတွင် ပါဝင်သည့် အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO)များ ဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီသော အစိုးရ မဟုတ်သော လူ့အဖွဲ့အစည်း(NGO)များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်း နိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်း" အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးရဲထွန်း၊ သီပေါ မဲဆန္ဒနယ်။

(ခ) ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်။

(ဂ) ဦးမန်းမောင်မောင်ဉာဏ်၊ ပန်းတနော် မဲဆန္ဒနယ်။

(ဃ) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်။

(င) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်။

(စ) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်။

(ဆ) ဒေါက်တာဇော်မြင့်မောင်၊ ကျောက်ပန်းတောင်း မဲဆန္ဒနယ်။

(ဇ) ဒေါ်ဖြူဖြူသင်း၊ မင်္ဂလာတောင်ညွန့် မဲဆန္ဒနယ်။

(ဈ) ဒေါ်ခင်သန္တာ၊ တံတားဦး မဲဆန္ဒနယ်။

(ည) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်။

(ဋ) ဒေါ်စုစုလွင်၊ သုံးခွ မဲဆန္ဒနယ်။

(ဌ) ဒေါ်ခင်စန်းလှိုင်၊ ပုလဲ မဲဆန္ဒနယ်။

(ဍ) ဒေါ်ဝင်းမော်ထွန်း၊ ရေနံချောင်း မဲဆန္ဒနယ်။

(ဎ) ဦးမောင်ဦး၊ တပ်ကုန်း မဲဆန္ဒနယ်။

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ၂၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့်အစည်းအဝေး ၂၈ ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။